
ရွှန်းရမိမိုး
ချစ်တယ်ဆိုရင် မျက်စိမှိတ်

“ဟယ်…ငါသေချာမှာ ထားရက်နဲ့ ဟယ်”

“ဟုတ်ပါတယ်၊ နှင်းဆီတို့ အပြစ်ပါ၊ နှင်းဆီတို့ ဝန်ထမ်းမလေး အလုပ်က ရုတ်တရက် ထွက် သွားလို့ ပါ။ သူက အော်ဒါစာရင်းကိုင်တာ၊ သူက မမှတ်သွားဘဲ အကုန် ကမောက်ကမ လုပ်ပစ်ခဲ့လို့ ပါ မမရယ်”

“စာရင်းမမှတ်ရမလားဟဲ့။ ဒီမှာ ဘောက်ချာတောင်ဖြတ်ပေးလိုက်သေးတယ်။ ငါ ပါးစပ်နဲ့ မှာ ရုံမှာ သွားတာ မဟုတ်ဘူး ၊ စရန်တစ်ဝက်တောင် ရသွားတယ်”

“ဟုတ်ပါတယ် မမရယ်။ နှင်းဆီလည်း ဘယ်လိုလုပ်ပေးရမှန်းတောင် မသိဘူး”

“ညည်းဆီမှာ မရှိရင် လည်း တခြားမှာ ရှာပေးအေ”

“ဒီအချိန်မှာ အကုန်လုံးကျပ်မှာ မမရဲ့ ။ အော်ဒါတွေပြည့်နေမှာ ပဲ။ ဒါပေမဲ့ နှင်းဆီ ဖုန်းလိုက် ဆက်ကြည့်ဦးမယ်။ ခဏစောင့်နော် မမ”

နှင်းဆီက ပြောပြောဆိုဆိုနဲ့ ဖုန်းတွေလိုက်ဆက်သည် ။

“ဟယ်.. သစ်ရေ၊ သဇင်လေးများ ရဦးမလားဟယ်၊ အေး..သိတော့ သိပါတယ်။ ရလိုရငြား ဆက်ကြည့်တာ၊ သစ်မှာ မရနိုင်ဘူးပေါ့နော်။ အေးပါ သစ်ရယ်၊ ကျေးဇူးပဲနော်”

“ဟဲလို…ကိုဆန်နီလား၊ နှင်းဆီပါ ကိုဆန်နီရဲ့ ၊ ကိုဆန်နီ့ဆီမှာ သဇ

င်လေး မရနိုင်ဘူးလား။ ဟင်...မရှိဘူးလား။ အြော်...ဟုတ်ကဲ့...ဟုတ်ကဲ့။ ဒါပဲနော် ကိုဆန်နီ”

နောက်ထပ်လည်း နှစ်နေရာ သုံးနေရာ ဖုန်းလိုက်ဆက်ပါသည် ။

ဒါပေမဲ့ ဘယ်မှာ မှ မရ။

“မမရယ်...နှင်းဆီ လိုက်ဆက်တာ ဘယ်မှ မရဘူး။ နှင်းဆီတို့အမှားပါ မမရယ်၊ မမ ကျေနပ် အောင် နှင်းဆီ ဘယ်လိုလုပ်ပေးရမလဲ”

“ဒီမှာ နှင်းဆီ၊ ငါက သိန်းထောင်ချီတဲ့ အလှူကြီးလုပ်တာ။ အလှူ့ဂုဏ်နဲ့ လိုက်အောင် သဇင်ကို ဝေနေအောင်ပန်ပြီး အလှူ့အစ်မကြီး လုပ်ချင်တာအေ့။ အဲဒါကြောင့် အခက်တစ်ရာတောင် မှာ ထားတာ”

“ဟုတ်ပါတယ် မမရယ်”

“အခု သဇင်က ဘယ်မှ ရှာမရတော့ ငါ ဘယ်လိုလုပ်ရမလဲ။ ငါ့စိတ်ကလည်း သဇင်ပန်းမှ သဇင်ပန်းပဲ ပန်ချင်တယ်။ တော်တော်ဒေါသထွက်တယ်ဟယ်”

“ဟုတ်ပါတယ် မမရယ်၊ မမ သဇင်ကြိုက်တဲ့ စိတ်ကို နားလည်ပါတယ်။ ပွဲကြီးမှာ မှ အခုလို ဖြစ်ရတာ နှင်းဆီတကယ် စိတ်မကောင်းပါဘူး။ ကတ်တလီယာတွေတော့ ရောင်စုံရှိတယ် မမရဲ့ ၊ အပွင့်ကြီးတွေလည်း လှမှ လှ။ ကတ်တလီယာလေး ယူသွားပါလားဟင် မမ”

“သဇင်ကမှ တန်ဖိုးရှိတာအေ့။ ညည်း ကတ်တလီယာက တစ်ခေါင်းလုံး သုံးပွင့်ထက် ပိုပန် လို့ မှ မရတာ။ အလှူကြီးလုပ်ပြီးမှ ပန်းလေး ဒီလောက်ပဲပန်ရင် ကဲ့ရဲ့ ခံရတော့မယ်”

နှင်းဆီ စိတ်ညစ်သွားသည် ။ အလှူ လှူတာကို ဂုဏ်တုဂုဏ်ပြိုင် စိတ်တွေနဲ့ လှူတာလား မသိ။ သိန်းထောင်ချီ လှူပြီးမှ သဇင်ပန်းအတွက်

ဒေါ်သထွက်နေရှာသည် ။ နှင်းဆီတို့ မှားတာတော့ မှားတာပေါ့လေ။ ဒါပေမဲ့ ဒီအလှူရှင်စိတ်မထားတတ်တာကိုပဲ အံ့သြနေတယ်။

"စရန်ငွေကို ပြန်လျော် နှင်းဆီ၊ နောက်ကို ညည်းတို့ ခြံမှာ ဘယ်တော့မှ လာမဝယ်တော့ဘူး။ စရန်ငွေကို နှစ်ဆ ပြန်လျော်ပေး"

"နှစ်ဆလျော်ပေးရပေမယ့် မမအတွက် နှင်းဆီ တကယ် စိတ်မကောင်းပါဘူး။ တောင်းပန် ပါတယ် မမ"

အလှူ့အစ်မကြီးက သူ့ကားအကောင်းစားကြီးရဲ့ တံခါးကို ဆောင့်ကြီးအောင့်ကြီး ပိတ်ပြီး မောင်းထွက်သွားတော့မှ နှင်းဆီအလုပ်ထွက်သွားသော စာရေးမကို ဒေါ်သထွက်ဖို့ သတိရ၏။

"သင်းကြောင့်...သင်းကြောင့်...အလုပ်ထွက်တာ ကောင်းကောင်း မထွက်ဘူး။ စာရင်းတွေ ကို အကုန် ကမောက်ကမ ဖြစ်အောင် လုပ်ပြီးတော့မှ ထွက်သွားတယ်။ အကျင့်ကမကောင်းဘူး။ အဲ ဒါကြောင့် ဝန်ထမ်းဘဝက မတက်တာ"

နှင်းဆီ တဗျစ်တောက်တောက်နဲ့ ပေါက်ပေါက်ဖောက်နေမိသည် ။

ဟုတ်တယ်လေ၊ နှင်းဆီဆိုလည်း ဝန်ထမ်းဘဝကနေ ပန်းခြံပိုင်ရှင်ဖြစ်ခဲ့တာပေါ့။

ဝန်ထမ်းဘဝနဲ့ အလုပ်ကြိုးစားပြီး သင်ယူခဲ့သည် ။ ဟော...အခြေအနေပေးတာလား။ စေတ နာ ရောင်ပြန်ဟပ်တာလားမသိ။

ခြံပိုင်ရှင်တွေက နိုင်ငံခြားကို အပြီးထွက်တော့မှာ မို့ ခြံကို နှင်းဆီလက်ထဲ အပ်ခဲ့ကြသည် ။ ခြံ ကတော့ သူတို့ ခြံပဲ။ တစ်နေ့ သူတို့ ပြန်လာဖြစ်ခဲ့ရင် ခြံကို ပြန်ပေးရမယ်။ ခြံပိုင်ဆိုင်မှု စာချုပ်စာတမ်း တွေကို သူတို့ပဲ ယူသွားသည် ။ နှင်းဆီကတော့ ခြံထွက်အကျိုးအမြတ်စားပေါ့လေ။

ထို့ကြောင့် နှင်းဆီက အလုပ်ကို ရသလောက် ကြိုးကြိုးစားစား လုပ်တယ်။ ရသမျှလေးကို စုပြီး ဘေးကပ်ရပ်ခြံကိုဝယ်ကာ လုပ်ငန်းထပ်ချဲ့သည် ။ ဒီတော့ ဘေးခြံက နှင်းဆီ လုံးဝပိုင်ပါ၏။ ခြံ နှစ်ခြံဆိုတော့ အကျိုးအမြတ်က ပိုလာ၏။

နှင်းဆီပိုင်သော ခြံထဲမှာ နေဖို့ အိမ်ပါ ဆောက်လိုက်သည် ။ မဆောက်လို့ မဖြစ်။ နှင်းဆီတို့ မိသားစုမှာ အိုးပိုင်အိမ်ပိုင်မရှိ။ အိမ်ငှားနေခဲ့ရတာ နှင်းဆီ တစ်သက်ပဲ။

နှင်းဆီမှာ ညီမလေးတစ်ယောက်လည်း ရှိ၏။ ညီမလေးကလည်း နှင်းဆီနှင့်အတူ ပန်းခြံ မှာ ပဲ လုပ်သည် ။ ညီမလေးက ဆယ်တန်းကို အကြိမ်ကြိမ်ဖြေသော်လည်း မအောင်သဖြင့် ပန်းစိုက်ပြီး အသက်မွေးဝမ်းကျောင်းဖို့ ပဲ ဆုံးဖြတ်လိုက်ရ၏။

ခုတော့ နှင်းဆီ ကောင်းမှုကြောင့် မိသားစု အိမ်လည်း ပိုင်။ စီးပွားရေးလေးနဲ့ မပူမပင် နေနိုင် တော့မည်။ ထို့အတွက် နှင်းဆီလည်း ဝမ်းသာပါသည် ။

နှင်းဆီက အလုပ်ကြိုးစားသူမို့ အလုပ်မကြိုးစားတဲ့ ဝန်ထမ်းတွေဆိုရင် မကြိုက်။ နှင်းဆီကို မီအောင်မလိုက်နိုင်တဲ့ ဝန်ထမ်းဆိုရင် အလွန်အမင်း စိတ်ပျက်ကာ အလုပ်မှ ထုတ်ပစ်တတ်သည် ။ အဲ ဒါ နှင်းဆီရဲ့ အားနည်းချက်ပဲ။ တော်တဲ့ ဝန်ထမ်းတွေကို တော်သလို ချီးမြှောက်တတ်ပေမယ့် အလုပ်

ထုတ်ခံရတဲ့ အလုပ်သမားတွေ၊ ဝန်ထမ်းတွေကတော့ နှင်းဆီကို မကျေနပ်။ ထို့ကြောင့်လည်း ဒုက္ခ ပေးသွားတာပေါ့။

* * * * *

နှင်းဆီက စာတော့ ဖတ်ပါသည် ။ နှင်းဆီဘဝက ဈေးကွက်စီးပွား ရေးနဲ့ ရင်းနှီးခဲ့သူမဟုတ်။ ဒါပေမဲ့ နှင်းဆီက စာအုပ်တွေဖတ်ပြီး လေ့ လာမှတ်သား၏။

Marketing ဆိုတာ နှင်းဆီနားမလည်။ ဒါပေမဲ့ စာအုပ်တွေဖတ်ပြီး ဝယ်သူဖောက်သည် တွေ ကို ဘယ်လိုပဲ အဆင်ပြေအောင် ဆက်ဆံရမယ် ဆိုတာ နှင်းဆီ ကျွမ်းကျင်သည် ။

နှင်းဆီက အဝေးသင်တက်ရင်း ပန်းခြံမှာ အလုပ်လုပ်ခဲ့သူပါ။ အဝေးသင်စာမေးပွဲဆိုတာက လည်း သိတဲ့ အတိုင်း အနီးကပ်မှ လေးငါးခြောက်ပုဒ် အလွတ်ကျက်ပြီး သွားဖြေပြီးအောင်လာတာဆို တော့ အဝေးသင်နဲ့ ဘွဲ့ရတဲ့ သူတွေဟာ ဆယ်တန်းအောင်တဲ့ သူနဲ့ ပညာ အရည်အချင်းချင်း သိပ်မကွာ ပါ။

နှင်းဆီက ပန်းစိုက်ပျိုးပြုပြင်တဲ့ ပညာပဲ တတ်ခဲ့သည် ။ စာအုပ်တွေ လေ့ လာပြီး မှတ်သား ခဲ့၏။

ထို့ကြောင့် နှင်းဆီ ရပ်တည်နိုင်တာပါ။ နှင်းဆီရဲ့ ခြံထဲမှာ တန်ဖိုးကြီးတဲ့ သဇင်နဲ့ သစ်ခွတွေပဲ အများ ဆုံးစိုက်ပါသည် ။ ပြီးတော့ စံပယ်နဲ့ နှင်းဆီပင်တွေ ရှိသည် ။ သိပ်တော့မများ ။ ဘုရားတင်ဖို့ သာ သာပဲ စိုက်တာပါ။ ကိုယ်တိုင်စိုက်ပျိုးထားတဲ့ ပန်းလေးတွေကို ဘုရားကပ်လှူရတာ ပိုပြီးပီတိ ဖြစ်ရပါသည် ။ ပြီးတော့ နှင်းဆီဝယ်လိုက်တဲ့ ကပ်ရပ်ခြံမှာ ကံ့ကော်နဲ့ ခရေလည်း သုံးပင်စီခန့် စိုက် ထား၏။ တစ်ပင်ဆီ လောက် ရှင်ရင် တော်ပါပြီ။ ရွက်လှမျိုးစုံ ပျိုးပင်တွေကိုတော့ ရောင်းပါ သည် ။

ပန်းစိုက်ပျိုးရေးအလုပ်ဟာ ပင်ပန်းလို့ ပင်ပန်းမှန်းတောင် မသိရဘဲ အင်မတန် စိတ်ချမ်းသာ စရာကောင်းသော အလုပ်ဖြစ်ပါသည် ။ ပန်းပ

င်လေး ရှင်သန်လာချိန်မှ စပြီး ဖူးလာ၊ ငုံလာ၊ ပွင့်လာ တာကို စောင့်ကြည့်ရင်းနဲ့ ကို စိတ်ချမ်းသာရသည် ။ ပန်းခိုင်ကလေး ပိုးမကိုက် မပဲ့မရွဲ့ဘဲ ပွင့်လာစေဖို့ တယုတယ ဂရုစိုက်ရသလို ပန်းလေးလှလှပပ ပွင့်လာတော့လည်း စိတ်ချမ်းသာ။

အဲဒီစိတ်ချမ်းသာမှုက ပန်းရောင်းလို့ ပိုက်ဆံရတဲ့ စိတ်ချမ်းသာမှုမျိုးနဲ့ မတူပါ။

ပန်းစိုက်ပျိုးရတဲ့ စိတ်ချမ်းသာမှုက အေးချမ်းသန့်စင်ပြီး ပန်းရောင်းလို့ ပိုက်ဆံရတဲ့ စိတ် ချမ်းသာမှုမှာ တော့ လောဘတွေ ရောယှက်ပါဝင်နေသည် ။

နှင်းဆီက ပန်းစိုက်လို့ ရတဲ့ ငွေနဲ့ ရွှေငွေတွေသာ ပိုင်ဆိုင်ချင်တာ။ ပန်းကိုတော့ ခူးပြီးမပန် ရက်ပါ။ ပန်းစိုက်တဲ့ သူဟာ ဘယ်တော့မှ ခူးမပန်ရက်။ နှမြောလို့ မဟုတ်။ တန်ဖိုးထားလို့ ပါ။ နန်း

မဆန်ရင် နေပါစေ။ ပန်းမပန်ရက်တဲ့ ပန်းစိုက်သူပါ။

နှင်းဆီညီမ စံပယ်ကတော့ ထိုသို့မဟုတ်။ ခေါင်းမှာ အမြဲတမ်း ပန်းတစ်မျိုးမဟုတ်တစ်မျိုး ရှိ တတ်သည် ။ ဒါပေမဲ့ သူမက ရောင်းတဲ့ အဖိုးတန်ပန်းတွေကိုတော့ မပန်။

နှင်းဆီ၊ စံပယ်၊ ခရေ စသဖြင့် တန်ဖိုးနည်းသော်လည်း ရနံ့သင်းသော ပန်းတွေကိုပဲ သူမက နှစ်သက်သည် ။

ရနံ့မရှိတဲ့ ပန်းတွေဆို ဘယ်လောက်လှလှ သူမကြိုက်။ သူမ အယူအဆက တစ်မျိုး။

“ကိုယ့်ခေါင်းမှာ ပန်းပန်တာ ကိုယ်ပြန်မြင်ရတာ မဟုတ်ဘူး ။ သူများ ပဲ မြင်တာ။ ခေါင်းမှာ ပန်တဲ့ ပန်းကို မြင်လည်း မမြင်ရဘူး။ ရနံ့

လည်း ရဘူးဆိုတော့ ဘာလုပ်မှာ လဲ။ ခေါင်းလေးတာပဲ အဖတ်တင်တယ်။ မပြင်ရရင်တောင် အနံ့လေးတော့ရမှ စံပယ်က ကြိုက်တာ။ ပန်းစိုက်ပြီး မခူးရက် တာလည်း မရှိပါဘူး။ ကိုယ်မပန်ရင်လည်း သူများ ခူးပန်မှာ ပဲ။ အပင်မှာ ဒီတိုင်းညှိုးသွားတာထက် စာရင် မိန်းမလှတစ်ယောက်ရဲ့ ခေါင်းမှာ အပန်ခံရတာက ပိုပြီးအဓိပ္ပာယ်ရှိတာပေါ့။ အပင်မှာ ညှိုးရ တဲ့ ပန်းတွေက အပျိုကြီးဘဝနဲ့ သေရတဲ့ မိန်းမတွေနဲ့ တူတယ် … ဟင်း…ဟင်း”

နှင်းဆီနဲ့ စံပယ်က အဲလိုကွာခြားတာပါ။ နှင်းဆီက နာမည်နဲ့ မလိုက်အောင် နူးညံ့သလို စံပယ်ကလည်း နာမည်နဲ့ မလိုက်အောင် ရဲရင့်တဲ့ မိန်းမတစ်ယောက်ပါ။

သူတို့ မိဘတွေကတော့ ရိုးရိုးအေးအေးနဲ့ သဘောထား ပြည့်ဝသူတွေပါပဲ။ မိသားစုလေး ယောက်မှာ တစ်ယောက်မှ ထက်ထက်မြက်မြက် ပညာတတ်မပါ။

ဒါပေမဲ့ သူမတို့ မိသားစုဘဝကလေးက အေးချမ်းပါသည် ။

တစ်နေ့ တစ်နေ့ ပန်းပန်တွေကြားထဲပဲ အချိန်ကုန်နေရသည် ။ ပန်းခြံလုပ်သားကလည်း သူမ တို့ မိသားစုလေးယောက်ပါပဲ။ ဒါပေမဲ့ အရောင်းစာရေးမတစ်ယောက် ထားရသလို ပန်းတွေလိုက်ပို့တဲ့ ဒရိုင်ဘာတစ်ယောက်နဲ့ ကားတစ်စီးလည်း ဝယ်ထားရသည် ။

ပထမစာရေးမက နှင်းဆီကို ဒုက္ခပေးသွားပေမယ့် နောက်စာရေးမနဲ့တော့ အဆင်ပြေပါ သည် ။ ပြီးတော့ ဒရိုင်ဘာကလည်း အသက်ကြီးကြီး သဘောကောင်းကောင်း မို့ အားလုံး မိသားစုဝင် လို တက်ညီလက်ညီနဲ့ ပျော်စရာလည်း ကောင်းပါသည် ။

*